# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုရေးနှင့်စပ်လျဉ်း၍ တတိယအကြိမ်ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပခြင်းကိစ္စ [1]

Posted on 10 July 2018

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် စင်ကာပူသမ္မတနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ရေး နှင့်အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆိုရေးနှင့်စပ်လျဉ်း၍ တတိယအကြိမ်ညှိနှိုင်း ဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့ နံနက် ၉:၃၀ နာရီတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ရုံး၊ ရန်ကုန်မြို

၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့မှ ၁၀ ရက်နေ့အထိ (၂)ရက်ကြာ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ ကိုယ်စားလှယ်စုစုပေါင်း (၁၅) ဦးခန့် တက်ရောက်ခဲ့ကပြီး၊မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အပြန်အလှန် အကာအကွယ်ပေးရေးနှင့် တိုးမြှင့်ဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကပြါသည်။

မြန်မာ - စင်ကာပူ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် အကာအကွယ်ပေးရေးစာချုပ် ဖြစ်ပေါ်လာပါက မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံသို့ သွားရောက်ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နေကြသည့် မြန်မာနိုင်ငံသား ရင်းနှီး မြှုပ်နှံသူများနှင့် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နေကြသည့် စင်ကာပူ ရင်းနှီးမြှုပ်နှံသူများနှစ်ဖက်စလုံးမှ အဆိုပါ သဘောတူစာချုပ်ပါ အသီးအပွင့်များကို ခံစားရရှိမည်ဖြစ် ပါသည်။

© Copyright DICA 2021. All rights reserved.

Made by Inspiral Creative

---